## အပိုင်း (၆)


# ဖက်ဒရယ်ဘဏ္ဍာရေးစနစ်နှင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်






# ဖယ်ဒရယ်ဘဏ္ဍာရေးစနစ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- နိုင်ငံရေးဆွေးနွေးပွဲတွင် ပါရှိသည့် စီးပွားရေးရာနှင့် ဖက်ဒရယ် ဘဏ္ဍာရေးစနစ်သည် အခန်းကဏ္ဍအလိုက် လုပ်ငန်းကော်မတီများမှ ဆွေးနွေးနေသော ပို၍ကျယ်ပြန့်သည့် အကြောင်းအရာများနှင့် ပတ်သက်ဆက်နွယ်နေသည်။
- သဘာဝအရင်းအမြစ်များမှ ရရှိသည့်ဝင်ငွေများအပြင် အခြားသော ဝင်ငွေများခွဲယူခြင်း စံပုံစံများ ဖော်ဆောင်ခြင်း၊ လူမှုရေးအစုအရုံး ဖွဲ့စည်းခြင်းနှင့် ညီမျှသည့် ဖက်ဒရယ်စနစ် အကောင်အထည် ဖော်ခြင်းတို့နှင့်ပက်သက်သည့် ဆွေးနွေးမှုများတွင် ဖက်ဒရယ်ဘဏ္ဍာရေးစနစ်သည် အဓိကကျသည်။
- ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း စီးပွားရေး ကဏ္ဍလုပ်ငန်းကော်မတီ အစုအဖွဲ့ သည် ပြည်သူ့ ဘဏ္ဍာရေး စီမံခန့်ခွဲမှုနှင့် စီးပွားရေး မူဝါဒဆိုင်ရာ ကိစ္စရပ်များအား ဦးတည်ထားသည်။






# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ

ဖက်ဒရယ် ဘဏ္ဍာရေးစနစ်၏ အခြေခံအုတ်မြစ်များ

ဝင်ငွေခွဲဝေခြင်းနှင့် ပက်သက်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဆွေးနွေးမှုများသည် မကြာခဏဆိုသလို သဘာဝရင်းမြစ်များတွင် အာရုံစိုက်လွန်းနေသည်။ အခွန်ငွေရရှိသည့် ရင်းမြစ်များ(ပိုင်ဆိုင်မှု၊ အရောင်းအဝယ်နှင့် ကိုယ်ပိုင်ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန် စသည်တို့) ပြည့်ပြည့်စုံစုံပါဝင်ပြီး ဝင်ငွေခွဲဝင်ခြင်း အစီအမံများ ပါဝင်သော ပို၍ ဟန်ချက်ညီမျှသည့် နည်းလမ်းရှိရန်လိုအပ်ပါသည်။

## ဝင်ငွေခွဲဝေခြင်းအစီအမံများ

**သဘာဝ အရင်းအမြစ်များ**

ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းများအကြား တိကျသော ရင်းမြစ်ဆိုင်ရာ ဝင်ငွေခွဲဝေခြင်း စနစ်တွင် ရေရှည်စီးပွားရေးနှင့် လူမှုဖွံ့ ဖြိုးမှု လုပ်ငန်းစဉ်၊ ခိုင်မာသော ကျန်းမာရေးနှင့် ပညာရေးစနစ် တည်ဆောက်ခြင်းနှင့် လူမှုရေးရာ အခြေခံအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှု မြှင်တင်ခြင်းတို့ ကို သတ်မှတ်သည်။ ကောက်ခံဝင်ငွေများကို ပြန်လည်လွှဲပြောင်း ပေးရာတွင် သယံဇာတထုတ်လုပ်မှုကြောင့် လူမှုရေးနှင့် သဘာဝန်းကျင် ထိခိုက်မှုများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။



# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ

ဖက်ဒရယ် ဘဏ္ဍာရေးစနစ်၏ အခြေခံအုတ်မြစ်များ

## ဝင်ငွေခွဲဝေခြင်းအစီအမံများ

**တန်းတူညီမျှဖြစ်စေခြင်း**

ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများ တွင် သင့်တင့်သော လူထုဝန်ဆောင်မှုများကို သင့်တင့်သည် အခွန်နှုန်းထားများဖြင့် ပေးစွမ်းနိုင်စေရန်အတွက် လုံလောက်သော ဝင်ငွေများ ရရှိစေခြင်းငှာ တန်းတူညီမျှဖြစ်စေသည့် ငွေပေးချေမှုများ လုပ်ဆောင်လျက်ရှိနေသည်။



# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ

ဖက်ဒရယ် ဘဏ္ဍာရေးစနစ်၏ အခြေခံအုတ်မြစ်များ

## မျှဝေအခွန်

ပြည်ထောင်စု အစိုးရမှ ပြည်နယ်များနှင့် တိုင်းဒေသကြီး၊ ဒေသအစိုးရ နှင့်အတူ မျှဝေအခွန် (ဥပမာ- ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ရောင်းဝယ်ခွန်၊ ပိုင်ဆိုင်မှုအခွန်) ကို ထောက်ပံ့ခြင်းများ ဆောင်ရွက်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရနှင့် ဒေသန္တရ အစိုးရအတွက် ဘဏ္ဍာရေးဆိုင်ရာ ကွာဟခြားနားများကို တန်းတူညီမျှဖြစ်စေခြင်း တိုင်းတာချက်များဖြင့် ထိန်းညှိသည်။

## အခွန်ငွေကို ဟန်ချက်ညီစေခြင်း

ပြည်ထောင်စုအစိုးရသည် ညီမျှမှုနှင့် အကျိုးသက်ရောက်နိုင်မှု စွမ်းအားတို့ တိုးတက်စေရန် ပြည်နယ်နှင့်တိုင်း ဒေသကြီးများရှိ အခွန်ငွေကောက်ခံမှုများကို ဟန်ချက်ညီအောင် ထိန်းညှိထားပေးသည်။

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ

ဖက်ဒရယ် ဘဏ္ဍာရေးစနစ်၏ အခြေခံအုတ်မြစ်များ

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်လုပ်ဆောင်နေသူများ အနေဖြင့် အထူးရည်ရွယ်ထောက်ပံ့ငွေအား အသုံးပြုခြင်း များကို ပဋိပက္ခဒဏ်ခံရသော လူထုအား ဦးတည်ခြင်း အပါအဝင် ကိစ္စရပ်အများအပြားအတွက် စဉ်းစားနိုင်ပါသည်။
- လက်နက်ကိုင်ပဋိပက္ခဒဏ်ခံရသော လူထုများဟု ဆိုရာတွင် ရွှေ့ပြောင်းခံရမှု၊ အကြမ်းဖက်ဒဏ်ရာ ရရှိမှု (သို့) မသန်စွမ်းဖြစ်သွားရမှု၊ အသက်မွေးဝမ်းကြောင်း ဆုံးရှုံးခံရခြင်း၊ ဒဏ်ခံရသော မိသားစုရှိခြင်း၊ စိတ်ပိုင်းဆိုင်ရာ ခံစားရမှုနှင့် အခြားစိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံရမှု တို့ပါဝင်ပါသည်။
- ပြန်လည်သင့်မြတ်ရေးနှင့် ပဋိပက္ခအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းအတွက် အခြားအကူအညီများနှင့်အတူ ထောက်ပံငွေ ဒီဇိုင်းတွင် ပဋိပက္ခဒဏ်ခံရသော အမျိုးသား၊ အမျိုးသမီးနှင့် လူငယ်များအားလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

## ထောက်ပံ့ငွေ

ထောက်ပံ့ငွေများသည် လူဦးရေ၏ လူမှုရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ကျားမဆိုင်ရာမညီမျှမှုကို တုံ့ပြန်ပေးသည့်အပြင် ဆင်းရဲမွဲတေမှု၊ မသန်စွမ်းဖြစ်မှု၊ ဘေးအန္တရာယ်များနှင့် ပဋိပက္ခများအား ခံစားနေကြသော အားနည်းသည့် ပြည်သူများကို အဓိကထား ထောက်ပံ့ပေးသည်။




# ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်ရသူများ ၏တည်ရှိမှု

၂၀၀၆၊ ၂၀၁၆

ဤမြေပုံနှစ်ခုသည် လူသားခြင်းစာနာမှု ဆိုင်ရာ အဖွဲ့အစည်းများမှ စာရင်းကောက် ထားသည့် နယ်မြေစိုးမိုးရေး ပဋိပက္ခမျိုးစုံ အတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ရွှေ့ပြောင်းရသူများကိုဖော်ပြထားခြင်းဖြစ် သည်။

ဤအချက်အလက်များသည် ပဋိပက္ခခံစားရ သောလူဦးရေများအတွက် ပစ်မှတ်ထား ထောက်ပံ့သည့် အကူအညီများကို IDP များမှ ရရှိနိုင်သည့်အလားအလာရှိမှုများကို ကိုယ်စားပြုပါသည်။



# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ

### ဘဏ္ဍာရေး ပွင့်လင်းမြင်သာမှုနှင့် အဂတိလိုက်စားမှု

- အကန့်အသတ်ရှိသော ဘဏ္ဍာရေးဆိုင်ရာ ဒေတာများအား လူထုသို့ ချပြပေးနိုင်ပြီး လွယ်ကူစွာ ရရှိနိုင်ပါသည်။ ၎င်းသည် ပွင့်လင်းမြင်သာမှုနှင့် အစိုးရ၏ အသုံးစရိတ်များကို သိမြင်နိုင်မှု နည်းစေသည်။
- ပြည်နယ်/တိုင်းဒေသကြီးများသို့ ဝင်ငွေများကို မည်သည့် ပမာဏဖြင့် ခွဲဝေပေးသည် ဆိုသည်ကိုလည်း ရံဖန်ရံခါ သိနားလည်မှု နည်းပါးပါသည်။ အစိုးရမှ ထုတ်ပြန်ထားသည့် တိုးပွားလာသော ပြည်သူ့ဘဏ္ဍာငွေ ပမာဏနှင့်အတူ ဤအရာသည် ကောင်းမွန်လာနေသည်။
- ဘဏ္ဍာရေးဆိုင်ရာစည်းကမ်းများရှိ ပွင့်လင်းမြင်သာမှုသည် မေလ ၂၀၁၇ ခုနှစ် ပြည်ထောင်စုပင်လုံညီလာခံ (UPC) ၏အခြေခံစည်းမျဉ်းများတွင် သဘောတူညီမှုရယူခဲ့ သည့် "စီးပွားရေးလုပ်ငန်းစီမံကိန်းများ" တွင်သာမကပဲရှိသင့်ပါသည်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တင်ပါဝင်သူများသည် အောက်ပါလုပ်ငန်း ၂ခုစလုံးတွင် ဘဏ္ဍာရေးအချက်အလက်များနှင့် စီမံကိန်းရေးဆွဲခြင်းများနှင့် ဦးစားပေးလုပ်ငန်းစဉ်များ ဖြင့်အပြန်အလှန်အကျိုးပြုသင့်ပါသည်။
    - ၁) ပွင့်လင်းမြင်သာမှုနှင့် ဘဏ္ဍာရေးဆိုင်ရာဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း အားမြှင့်တင်ခြင်း နှင့် ၂) အလွန်အရေးပါသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအပါအဝင် အနာဂါတ်အုပ်ချုပ်ရေး ခေါင်းဆောင်မှုကဏ္ဍများအတွက် အသိပညာနှင့်အရည်အသွေးများ တည်ဆောက်ခြင်း။



# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ

### ညှိနှိုင်းဆွေးနွေးမှုအတွင်းနှင့် ပြင်ပရှိ ဘဏ္ဍာရေးဆိုင်ရာဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း

ဒီမိုကရေစီနည်းကျ ဖက်ဒရယ်စနစ် ကိုထောက်ပံ့ရန် ဘဏ္ဍာရေးစီမံခန့်ခွဲမှု အုတ်မြစ်ချခြင်းကို လက်ရှိအစိုးရအတွင်း ဘဏ္ဍာရေးစီမံခန့်ခွဲမှုမှတစ်ဆင့် အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုကိုလိုအပ်လာနိုင်ခြေရှိသော ရေရှည်အတွက် အဖြေရှာမှုဖြင့်လုပ်ဆောင်သင့်သည်။ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးမှုအား လုပ်ဆောင်နေချိန်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွက်အကျိုးရှိနိုင်သော လက်ရှိစီမံခန့်ခွဲမှုများအတွင်း ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုကိုလျှော့ချရန် ကြီးမားသော အခွင့်အလမ်းများရှိနေပါသည်။ (*ဖက်ဒရယ်ဘဏ္ဍာရေးစနစ် : လက်တလောနှင့် ရေရှည်ရွေးချယ်မှုများ ဆလိုက်များတွင် ကြည့်ရှုနိုင်ပါသည်*)

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ

## အစိုးရပိုင်စီးပွားရေးလုပ်ငန်းများအား (State Economic Enterprise-SEE) ပြုပြင်ပြောင်းလဲခြင်း

SEEs သည်နိုင်ငံတော်ဂင်ငွေ၏ (၅၀) ရာခိုင်နှုန်းခန့်ကို ရာဖွေပေးနိုင်ပြီး အများစုကို သဘာဂသယံဇာတ ထုတ်ယူခြင်းမှ ရရှိသည်။ တာဂန်ခံမှုနှင့် ကြီးကြပ်မှုတို့ကို ပိုမိုရရှိစေရန် SEE ပြုပြင်ပြောင်းလဲမှုမြှင့်တင်ခြင်းသည် ဤစီးပွားရေးကဏ္ဍအား တိုးတက်စေရန်ကူညီပေးပြီး မြန်မာနိုင်ငံ၏စီးပွားရေးနှင့် ပြည်သူအကျိုးစီးပွားကို ဖြစ်ထွန်းစေသော [illegible]

ပိုမိုသိရှိလိုလျှင် SEE ပြုပြင်ပြောင်းလဲခြင်း တွင်ကြည့်ရှုပါ။
Bauer. A., et al. 2018. *SEE Reform in Myanmar: သဘာဂသယံဇာတလုပ်ငန်းများဆိုင်ရာ ကိစ္စရပ်များ။* Natural Resource Governance Institute & Renaissance Institute.



# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ

## မူဝါဒဆိုင်ရာ နည်းပညာ စွမ်းရည် တိုးတက်လာစေခြင်း

ဖက်ဒရယ် ဘဏ္ဍာရေးစနစ်နှင့် မူဝါဒအခင်းအကျင်းများ မည်သို့ ရှိနေသည် နားလည်ရန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆွေးနွေးနေသူများ၏ မူဝါဒဆိုင်ရာ နည်းပညာ စွမ်းရည်မြှင့်တင်သွားနိုင်ရေးသည် လိုအပ်ချက်တစ်ရပ် ဖြစ်သည်။

အလားတူစွာ ပြည်သူအား တိုက်ရိုက်အကျိုးဖြစ်ထွန်းမှုနှင့် ပွင့်လင်း မြင်သာမှု ရှိစေသော အစိုးရဌာနတွင်း ဘဏ္ဍာရေးအစီအမံများကို တည်ဆောက်နိုင်ရန် အစိုးရတာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော ပါဝင်လုပ်ဆောင်သူများ ပူးပေါင်းစေ့စပ်ဆောင်ရွက်နိုင်သည်။

# ဖက်ဒရယ်ဘဏ္ဍာရေးစနစ်:
# ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေများနှင့် မူဝါဒများ

ဖက်ဒရယ်စနစ်ကျင့်သုံးသော နိုင်ငံများတွင် စီးပွားရေးရာနှင့် တန်းတူညီမျှစေခြင်းများကို ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းရေးသားလေ့ မရှိပါ။ များသောအားဖြင့် ထိုအကြောင်းအရာများကို မူဝါဒ၊ ဥပဒေများရေးဆွဲခြင်းဖြင့်သာ ကိုင်တွယ်ဆောင်ရွက်ကြပါသည်။

သို့သော် ကနေဒါနိုင်ငံ၏ ၁၉၈၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မှ တန်းတူညီမျှဖြစ်စေခြင်းနှင့် နယ်မြေများအလိုက် ကွာဟချက်များ (အောက်ဖော်ပြပါ)ကို အနည်းငယ်ထည့်သွင်းရေးသားထား ခြင်း ရှိသည်။

**ကနေဒါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ**
**တန်းတူညီမျှစေခြင်းနှင့် ဒေသများအလိုက် ကွာဟချက်များ**

**၃၆။ (၁)ဥပဒေပြုရေးဆိုင်ရာအာဏာများကိုကျင့်သုံးခြင်းနှင့် စပ်လျဉ်း၍ ပါလီမန်လွှတ်တော်၏ ဥပဒေပြုရေး အာဏာ (သို့) ခရိုင်ဥပဒေပြုရေးရာ မဏ္ဍိုင်များ၏ အာဏာ (သို့) ၎င်းတို့၏ အခွင့်အရေးများကို တစုံတရာပြောင်းလဲခြင်း မပြုလုပ်ဘဲ ပါလီမန်လွှတ်တော်နှင့် အခြားသော လွှတ်တော်များသည် ကနေဒါနိုင်ငံအစိုးရနှင့် ခရိုင်အဆင့် အစိုးရများနှင့် အတူ**
(က) ကနေဒါနိုင်ငံနေပြည်သူများ၏ ကောင်းမွန်စွာနေထိုင်နိုင်ရေးအတွက် တန်းတူအခွင့်အလမ်းများ မြှင့်တင်ပေးခြင်း
(ခ) အခွင့်အလမ်းများကွာဟမှုများကို လျှော့ချရန် စီးပွားရေးဖွံ့ဖြိုးမှုများ ပိုမိုဖြစ်ထွန်းစေခြင်း၊
(ဂ) ကနေဒါနိုင်ငံသားများအားလုံးအတွက် သင့်တင့်သော အရည်အသွေးရှိ လူထုဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်း စသည်တို့ကို လုပ်ဆောင်ကြရသည်။

**(၂) ပါလီမန်လွှတ်တော်နှင့် ကနေဒါအစိုးရသည် ခရိုင်အစိုးရများမှ သင့်တင့်သော လူထုဝန်ဆောင်မှုများကို သင့်တင့်သည့် အခွန်နှုန်းထားများဖြင့် ဖေဖော်နိုင်စေရန်အတွက် လုံလောက်သော ဝင်ငွေများ ရရှိစေခြင်းငှာ တန်းတူညီမျှဖြစ်စေသည့် ငွေပေးချေမှုများလုပ်ဆောင်လျက်ရှိနေသည်။ (၁၉)**



# ဖက်ဒရယ် ဘဏ္ဍာရေးစနစ်၏ ရေတိုနှင့်ရေရှည် အခွင့်အလမ်းများ

## လက်တလော ရွေးချယ်ခွင့်များ

မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျော့ချခြင်း နှင့် တန်းတူညီမျှဖြစ်စေခြင်း လုပ်ဆောင်လျက်ရှိပြီးဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အတွင်း နှင့် အပြင် သတ်မှတ်ချက်ဘောင်များ (၂၀၁၅ ပြင်ဆင်ဖြည့်စွက်ချက်များ) တွင် ဘဏ္ဍာရေးဆိုင်ရာ အစီအမံသစ်များ ရယူဖော်ဆောင်ရန် အခွင့်အလမ်းများပါရှိသည်။

ဥပမာ-

- တန်းတူညီမျှဖြစ်စေခြင်း စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ခြင်း (ဥပမာ-အထွေထွေထောက်ပံ့ငွေအား တန်းတူညီမျှဖြစ်စေခြင်းအသွင်သို့ ထပ်မံ၍ ပြုပြင်ပြောင်းလဲစေခြင်း
- အခြေအနေတစ်ရပ်ပေါ်တွင် မူတည်သည့် ထောက်ပံ့ငွေများကို အသုံးပြု၍ ပြည်နယ်နှင့် တိုင်းဒေသ ကြီးတို့ အား လူမှုရေး စီမံကိန်းများ လုပ်ဆောင်မှုအား မြှင့်တင်ပေးခြင်း။
- ပြည်နယ်များ၊ တိုင်းဒေသကြီးနှင့် သဘာဝသယံဇာတများမှ ရရှိသော ဝင်ငွေများအား မျှဝေခြင်း
- ပြည်နယ်နှင့် တိုင်းဒေသကြီးများ နှင့် ဒေသခံပံ့ပိုးသူများအား အုပ်ချုပ်စီမံမှု လွှဲပြောင်းပေးခြင်း နှင့် ကုန်ကျစရိတ် မျှဝေခြင်းဆိုင်ရာ အစီအမံများ မှတဆင့် ပညာရေး လုပ်ဆောင်ချက်များကို စွမ်းအားမြှင့်တင်ပေးခြင်း
- သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပဋိပက္ခ ဒဏ်ခံပြည်သူ လူထုများအတွက် အထူးရည်ရွယ်ထောက်ပံ့ငွေများ အသုံးပြုမှုကို တိုးပေးခြင်း

## ဖက်ဒရယ် ဘဏ္ဍာရေးစနစ် ရေတိုနှင့်ရေရှည် အခွင့်အလမ်းများ

### ရေရှည်အခွင့်အလမ်းများ

- သဘာဝသယံဇာတများနှင့် မြေယာများအတွက် တာဝန်နှင့် စီမံခန့်ခွဲမှု မျှဝေခြင်းအား အထောက်အပံ့ဖြစ်စေရန် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၃၇) အား ပြင်ဆင်ခြင်း
- ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန် အခြေခံနှုန်းများကို ပြည်နယ်များနှင့် တိုင်းဒေသကြီးများမှ တိုက်ရိုက်သုံးစွဲခွင့်ရှိရန် ပြည်ထောင်စုအစိုးရမှ ချမှတ်ထားသည်။
- ကျန်းမာရေးနှင့် ပညာရေး ဦးစီးဌာနများမှတဆင့် လူမှုရေးအစုအရုံး တည်ဆောက်ရန် ပြည်နယ်များနှင့် တိုင်းဒေသကြီးအစိုးရများအား စွမ်းအားမြှင့်တင်ခြင်း။
- တတိယအဆင့် ရွေးကောက်ခံ အစိုးရအဖွဲ့ တည်ထောင်ခြင်း-
  - ဒေသခံအဆင့် ဘဏ္ဍာရေးဆိုင်ရာ အစီအမံများကို မြို့နယ်၊ ရပ်ကွက်၊ ရွာအဆင့်အထိ ဆောက်ရွက်ခြင်း
  - ဒေသခံအစိုးရ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပိုင်ဆိုင်မှု ဆိုင်ရာအခွန် ကဏ္ဍကို တိုးချဲ့ခြင်း။



## အဓိက အကြောင်းအရာ အနှစ်ချုပ်

- ဖက်ဒရယ်ဘဏ္ဍာရေးစနစ်သည် ညီမျှမှုရှိသည့်ဖက်ဒရယ်စနစ်ထူထောင်ခြင်း၊လူမှုရေးအစုအဖွဲ့ဖွဲ့စည်းခြင်း၊ အခွန်ငွေဟန်ချက်ညီအောင်ထိန်းညှိခြင်းနှင့် ဝင်ငွေခွဲဝေခြင်း စံပုံစံများဖော်ဆောင်ခြင်းတို့နှင့် ပက်သက်သည့် ဆွေးနွေးပွဲများတွင် အဓိကကျသည်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဝင်ငွေခွဲဝေခြင်းဆိုင်ရာ ဆွေးနွေးမှုများသည် သဘာဝသယံဇာတရင်းမြစ်များတွင် အလွန်အမင်း အာရုံစိုက်မှုများနေသည်။ အခွန်ငွေရရှိသည့် ရင်းမြစ်များ (အိမ်ခြံမြေ၊ အရောင်းအဝယ်နှင့် ကိုယ်ပိုင်ဝင်ငွေခွန်၊ စည်းကျပ်ခွန်စသည်တို့) ပြည့်ပြည့်စုံစုံပါဝင်ပြီး ဝင်ငွေခွဲဝင်ခြင်း အစီအမံများ ပါဝင်သော ပို၍ ဟန်ချက်ညီမျှသည့် နည်းလမ်းရှိရန် လိုအပ်ပါသည်။
- ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ(နှင့်၂၀၁၅ပြန်လည်ပြင်ဆင်ချက်များ) ပြဋ္ဌာန်းချက်များအရ အချိန်တို အတွင်းတွင် ဘဏ္ဍာရေးအစီအမံအသစ်များ ဖော်ဆောင်နိုင်ရန် အခွင့်အလမ်းများရှိပါသည်။ ရေရှည်အတွက်မူ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် လုပ်ဆောင်နိုင်ပါသည်။
- ဖက်ဒရယ်ဘဏ္ဍာရေးစနစ်၏ အခြေခံသဘောတရားများ သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှတစ်ဆင့် စီးပွားရေး အစုအရုံးနှင့် လူမှုရေးအစုအရုံးများ စုဖွဲ့စေနိုင်သည့် နည်းလမ်းများကို ဖန်တီးပေးနိုင်ပါသည်။

# လေ့ကျင့်ခန်း

အဆင့် ၁ — ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်သည့် အရေးကြီးသည့် စီးပွားရေးဆိုင်ရာ ဆလိုက်များကို ပြန်လည်လေ့လာပေးပါရန်

အဆင့် ၂ — ဆွေးနွေးရန်
ပြည်ထောင်စု ငြိမ်းချမ်းရေး သဘောတူညီချက်တွင် မည်သည့် ဖက်ဒရယ်ဘဏ္ဍာရေး ဆိုင်ရာ အကြောင်းအရာများနှင့် စည်းမျဉ်းများ ပါဝင်သင့်သနည်း?



# နောက်ဆက်တွဲ